**အလုပ်သမားဝန်ကြီးဌာန၊ တာဝန်ခံအရာထမ်းအဆင့် သင်တန်းများဖွင့်လှစ်မှု၊ ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း ဖွင့်လှစ်နေမှု၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်ပြား (OWIC) ထုတ်ပေးနေမှု၊ ပုဂ္ဂလိကသင်တန်းကျောင်းများဖွင့်လှစ်နေမှုနှင့် အလုပ်သမားဆေးရုံကြီး (ထန်းတပင်)၌ ကျန်းမာရေးစောင့်ရှောက်ခြင်း ဆောင်ရွက်ပေးနေမှုလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုစစ်ဆေး**

ရန်ကုန် ဧပြီ ၄။

အလုပ်သမားဝန်ကြီးဌာန၏ ခရိုင်/ မြို့နယ်တာဝန်ခံများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှ ဧပြီလ ၇ ရက်နေ့အထိ ဖွင့်လှစ်မည့် လုပ်ငန်းခွင်မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ခန်းမအတွင်း သင်တန်းသား (၄၈)ဦးနှင့် Online မှ သင်တန်းသား (၇၀)ဦး စုစုပေါင်း (၁၁၈)ဦး တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး က အဖွင့်အမှာစကားပြောကြားရာ၌ ဦးစီးဌာနများမှ အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် လုပ်ငန်းခွင်အတွင်း လက်တွေ့လုပ်ဆောင်ရာတွင် အခက်အခဲမရှိစေရန် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းမှတစ်ဆင့်ရရှိသည့် အသိပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာအသုံးချပြီး အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များကို မှန်မှန်နှင့်အပြည့်အဝခံစား ရရှိစေရေး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွင် သင်တန်းတာဝန်ခံနှင့် နည်းပြများက ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း ပို့ချနေမှုအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ပါသည်။ ထို့နောက် ရွှေ့ပြောင်းအလုပ်သမားဌာနစုတွင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဥပဒေနှင့်အညီ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်ပြား (Overseas Worker Indentification Card – OWIC) ထုတ်ပေးနေမှုအား ဆက်လက်ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပြည်ပ

ရွှေ့ပြောင်းလုပ်သားများအား OWIC ကတ်ပြားများ မှန်ကန်မြန်ဆန်စွာထုတ်ပေးရေး လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပုလဲရတနာအသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းတွင် IT လုပ်ငန်းဆိုင်ရာသင်တန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ပါသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာမြို့နယ်ရှိ သုခစုစံဝန်ဆောင်မှုကုမ္ပဏီ၏ စက်မှုလက်မှုကျွမ်းကျင်လုပ်သား သင်တန်းကျောင်းတွင် Electrical သင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် အခြားသင်တန်းများ၏ စာတွေ့လက်တွေ့သင်ကြားပို့ချမှုများအား ကြည့်ရှုစစ်ဆေးအားပေးခဲ့ပါသည်။ ယင်းနောက် လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး(ထန်းတပင်)သို့ သွားရောက်၍ ကိုဗစ်-၁၉ အတည်ပြုလူနာများ ထားရှိကုသရန် တိုးချဲ့ပြင်ဆင်ထားရှိမှုများ၊ ကိုဗစ်-၁၉ စောင့်ကြည့်လူနာများထားရှိမည့် ကုသဆောင်များ၊ ကိုဗစ်-၁၉ ပြင်းထန်အဆုတ်ရောင်လူနာများ ဆေးကုသရာတွင် လိုအပ်သောအောက်ဆီဂျင်ကို လုံလောက်စွာရရှိနိုင်ရန် Oxygen Generating Plant(20 Nm3/h) (Containerized) ဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးနေမှုများကို လှည့်လည်စစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်